ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၄ ခုနှစ်၊ မကွေးတိုင်းဒေသကြီး၏
# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

၂၀၁၄ ခုနှစ်၊ ဧပြီလ (                ) ရက်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၄ ခုနှစ်၊ မကွေးတိုင်းဒေသကြီး၏

# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

၂၀၁၄ ခုနှစ်၊ မကွေးတိုင်းဒေသကြီး၏

ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

(၂၀၁၄ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ်။ ၃ )

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

(၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၄ ခုနှစ်၊ မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ် ဖြင့်လုပ်ငန်းများကိုဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများ ကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေ များကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာန များ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင် သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေး အပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့်(၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေ တို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံ ခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသော ရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၄–၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ တိုင်းဒေသကြီးစည်ပင်သာယာရေး

အဖွဲ့များ၏ သုံးငွေများကို စီမံခန့်ခွဲရာတွင် ဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသော ၂၀၁၄–၂၀၁၅ ခုနှစ် အတွက်ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန် စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) တိုင်းဒေသကြီး အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ၊ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စု အစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ဖြည့်ဆည်းပေးသော၊ ထောက်ပံ့သော၊ ချေးငွေဖြင့်ခွင့်ပြုခဲ့ သည့် ဘဏ္ဍာရန်ပုံငွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ တိုင်းဒေသကြီးအစိုးရ အဖွဲ့သည် ယင်းဘဏ္ဍာရန်ပုံငွေများကို ဥပဒေနှင့်အညီ သုံးစွဲခွင့်ရှိသည်။

၅။ တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေး အဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သောတည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြု ထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံရမည်။

## အပိုင်း ၃

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

၆။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ (က) ဇယား(၅)နှင့်(၆) တို့တွင် ဖော်ပြထားသည့် ငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၅) နှင့် (၆)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား(၅)တွင် ဖော်ပြထား

သော ရငွေများ တိုးခြင်း၊ လျော့ခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား(၆) အရခွင့်ပြု ထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေများနှင့် ကြွေးမြီသုံးငွေများတွင် ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲ ခြင်းမပြုဘဲ မူလလုပ်ငန်း စီမံကိန်းတစ်ခုစီအတွင်း ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရ အဖွဲ့သည် စိစစ်သုံးသပ်၍ ပြောင်းလဲ ပေးနိုင်သည်။ ထိုသို့ ရငွေများ၊ သုံးငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၁၄–၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း များတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေစာရင်းများ တင်ပြ ချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများ ကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်း ဖော်ပြရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ
အခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဘုန်းမော်ရွှေ
ဝန်ကြီးချုပ်
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေမှ ရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၅၀.၀၀၀ | | | ၃၅၀၀.၀၀၀ | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | - | | | | | | |
| ၃ | တိုင်းဒေသကြီးတရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၃၄.၁၇၅ | | | | | | |
| ၄ | တိုင်းဒေသကြီးဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီး ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၀၈၆ | | | | | | |
| ၅ | တိုင်းဒေသကြီးစာရင်းရုံးများ | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၀၄၅ | | | | | | |
| | ပေါင်း | | | | ၈၄.၃၀၆ | | | ၃၅၀၀.၀၀၀ | | | |

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၉၁၈.၁၇၇ | | ၂၅၅၀.၀၀၀ | ၂၉၂၂.၅၈၁ | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၄၀၄.၄၉၁ | | – | ၅၄.၇၇၄ | | | |
| ၃ | တိုင်းဒေသကြီးတရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၂.၃၉၄ | | | – | | | |
| ၄ | တိုင်းဒေသကြီးဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီး ဥပဒေချုပ်က တာဝန်ပေးသူ | ၄၃၉.၄၈၂ | | | ၂၀၂.၃၅၀ | | | |
| ၅ | တိုင်းဒေသကြီးစာရင်းရုံးများ | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၉၅၆.၅၃၁ | | | ၁၁၂.၃၃၀ | | | |
| | ပေါင်း | | ၃၇၇၁.၀၇၅ | | ၂၅၅၀.၀၀၀ | ၃၂၉၂.၀၃၅ | | | |

# တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေမှ ရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူများ သုံးစွဲမှုအပေါ်တွင်ကောက်ခံသည့် အခွန်အကောက် | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | | | | | | |
| ၁ | ယစ်မျိုးခွန် | | ၄၄၈.၉၄၉ | | | | | | | | |
| ၂ | နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့် အပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ၎င်း | | | | | | | | | |
| ၁ | မြေယာပေါ်တွင်ကောက်ခံသည့် အခွန် | | ၄.၉၁၈ | | | | | | | | |
| ၂ | တာတမံခွန် | | ၀.၀၀၃ | | | | | | | | |
| ၃ | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၂၅.၇၈၀ | | | | | | | | |
| ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၁၆.၂၇၄ | | | | | | | | |
| ၅ | အင်းအိုင်ခွန် | | ၃၈.၂၀၀ | | | | | | | | |
| ၃ | စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန် | ၎င်း | | | | | | | | | |
| ၁ | ပစ္စည်းခွန် | | ၃၁၁.၄၂၈ | | | | | | | | |
| ၂ | ဘီးခွန် | | ၁၀၈.၀၉၃ | | | | | | | | |
| ၄ | တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | ၎င်း | | ၄၉၄.၇၆၇ | | | | | | | |

## တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃) အဆက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | **၅.၂၇၃** | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၄.၄၅၀ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀.၀၂၃ | | | | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၀.၈၀၀ | | | | | | |
| ၆ | | **သမဝါယမ** | ၄င်း | | | **၅.၈၁၃** | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၅.၆၄၃ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုဦးစီးဌာန | | | | ၀.၁၇၀ | | | | | | |
| ၇ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၄င်း | | | **၁၂၁.၂၄၆** | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၁၁၈. ၀၀၀ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၃.၀၀၀ | | | | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀.၂၄၆ | | | | | | |
| ၈ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၄င်း | | | **၁၆.၆၅၅** | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၀.၆၃၀ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၁၆.၀၂၅ | | | | | | |
| ၉ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | ၄င်း | | | **၁၄.၂၀၀** | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁၄.၂၀၀ | | | | | | |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန | | | | | | | | | | |
| ၁၀ | | **အားကစား** | ၄င်း | | | **၀.၀၃၅** | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၀.၀၃၅ | | | | | | |

# တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃) အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေမှ ရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁၁ | ဘဏ္ဍာရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | | | ၁၃၈၆၃၂.၆၂၈ | | ၂၄၁.၈၄၈ | |
| | ၁ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၁၃၈၆၃၂.၆၂၈ | | ၂၄၁.၈၄၈ | |
| ၁၂ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု | ၄င်း | | | ၀.၀၆၀ | | | | | | |
| | ၁ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၀၆၀ | | | | | | |
| ၁၃ | ဆောက်လုပ်ရေး | ၄င်း | | | ၂၄.၅၅၇ | | | | | | |
| | ၁ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀.၅၅၇ | | | | | | |
| | ၂ အဆောက်အဦး၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်းဦးစီးဌာန | | | | ၂၄.၀၀၀ | | | | | | |
| ၁၄ | အလုပ်သမား | ၄င်း | | | ၀.၀၀၂ | | | | | | |
| | ၁ ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | | | ၀.၀၀၂ | | | | | | |
| ၁၅ | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | | | ၆၅၃၁.၄၉၅ | | | | | | |
| | ပေါင်း | | ၁၀၅၃.၆၄၅ | ၄၉၄.၇၆၇ | ၆၇၁၉.၃၃၆ | | | ၁၃၈၆၃၂.၆၂၈ | | ၂၄၁.၈၄၈ | |

## တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၉၈၁၂.၁၀၅ | | ၁၅.၀၀၀ | ၆၀၀၃.၅၃၁ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၇၉၅၄.၀၁၆ | | ၁၅.၀၀၀ | ၁၂၀၄.၀၅၃ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၁၄၃.၁၃၃ | | | ၈၄.၅၃၈ | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | ၁၇၁၄.၉၅၆ | | | ၄၇၁၄.၉၄၀ | | | |
| ၂ | | သမဝါယမ | ၎င်း | ၈၂၇.၉၄၁ | | | ၈၃.၇၈၀ | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၈၀၅.၉၁၅ | | | ၈၁.၅၈၀ | | | |
| | ၂ | အသေးစားစက်မှုလက်မှုဦးစီးဌာန | | ၂၂.၀၂၆ | | | ၂.၂၀၀ | | | |
| ၃ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၅၁၄၄.၇၀၁ | | | ၁၀၅.၀၀၀ | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၂၅၇၉.၇၆၂ | | | ၅၀.၀၀၀ | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၈၃၂.၄၈၈ | | | – | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၇၃၂.၄၅၁ | | | ၅၅.၀၀၀ | | | |
| ၄ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | ၅၃၇.၈၇၅ | | | ၁၀၉.၀၈၅ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၉၈. ၉၇၅ | | | ၄၆.၅၅၅ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၄၃၈.၉၀၀ | | | ၆၂.၅၃၀ | | | |
| ၅ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၎င်း | ၂၆၃၁.၅၁၈ | | | ၃၀၁.၃၃၃ | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၁၅၁၆.၆၉၈ | | | ၁၃၂.၁၉၄ | | | |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန | | ၁၁၁၄.၈၂၀ | | | ၁၆၉.၁၃၉ | | | |
| ၆ | | အားကစား | ၎င်း | ၂၈၂.၀၅၈ | | | ၇၈၆.၂၈၀ | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၂၈၂.၀၅၈ | | | ၇၈၆.၂၈၀ | | | |

# တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄) အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၇ | | ဘဏ္ဍာရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၄.၃၂၄ | | | ၃၇၇.၆၀၉ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၅၄.၃၂၄ | | | ၃၇၇.၆၀၉ | | | |
| ၈ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု | ၄င်း | ၅၆၀.၈၀၈ | | | ၂၉၆.၀၀၀ | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၅၆၀.၈၀၈ | | | ၂၉၆.၀၀၀ | | | |
| ၉ | | ဆောက်လုပ်ရေး | ၄င်း | ၂၈၄၃၅.၄၂၀ | | | ၇၅၆၅၃.၃၉၆ | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၄၅.၄၂၀ | | | ၁၄၉၄.၈၂၀ | | | |
| | ၂ | အဆောက်အဦး၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်းဦးစီးဌာန | | ၂၈၂၉၀.၀၀၀ | | | ၇၄၁၅၈.၅၇၆ | | | |
| ၁၀ | | အလုပ်သမား | ၄င်း | ၂၆.၆၂၀ | | | – | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၂၆.၆၂၀ | | | – | | | |
| ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | ၃၇၃၄.၃၁၃ | | | ၃၄၅၈.၅၅၁ | | | |
| | | ပေါင်း | | ၅၂၀၄၇.၆၈၄ | – | ၁၅.၀၀၀ | ၈၇၁၇၄.၅၆၅ | | | |

D:\14-15 Mone+Law\14-15 budget magway(15) Monotypesh-2

# တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပြန်ကြားရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၀.၀၀၀ | | | | | | |
| | ၁ မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၂၀.၀၀၀ | | | | | | |
| ၂ | လျှပ်စစ်စွမ်းအား | ၄င်း | | | – | | | | | | |
| | ၁ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | – | | | | | | |
| ၃ | ဆောက်လုပ်ရေး | ၄င်း | | | ၆၄၉၆၉.၀၀၀ | | | | | | |
| | ၁ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လုပ်ငန်း | | | | ၆၄၉၆၉.၀၀၀ | | | | | | |
| | ပေါင်း | | | | ၆၄၉၈၉.၀၀၀ | | | | | | |

D:\General\2012 SGbudget magway(15) Monotype sheet 1

# တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြန်ကြားရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၉.၇၄၁ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၁၉.၇၄၁ | | | | | | |
| ၂ | | လျှပ်စစ်စွမ်းအား | ၄င်း | – | | | ၂၃၀၀.၅၈၀ | | | |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | – | | | ၂၃၀၀.၅၈၀ | | | |
| ၃ | | ဆောက်လုပ်ရေး | ၄င်း | ၆၄၅၄၄.၈၅၀ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၆၄၅၄၄.၈၅၀ | | | | | | |
| | | ပေါင်း | | ၆၄၅၆၄.၅၉၁ | | | ၂၃၀၀.၅၈၀ | | | |